# ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်လုပ်ကိုင်ခွင့် (ပါမစ်) သက်တမ်းတိုး လျှောက်ထားခြင်းဆိုင်ရာ အသိပေးချက်
## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ

**လျှောက်ထားနိုင်သူများ - "ရွှေ့ပြောင်းအလုပ်သမားကိုယ်တိုင်၊ အလုပ်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် အကျိုးဆောင်အေဂျင်စီများ"**

### ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်အထိ အလုပ်လုပ်ကိုင်ခွင့် ရရှိထားသူများအတွက် သက်တမ်းတိုးခြင်း
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ)

လာအိုနှင့် ဗီယက်နမ် နိုင်ငံသားများ

လျှောက်ထားနိုင်သည့် ကာလ
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက်အထိ

### ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ အလုပ်လုပ်ကိုင်ခွင့် ရရှိထားသူများအတွက် သက်တမ်းတိုးခြင်း
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ)

လာအို၊ မြန်မာ နှင့် ဗီယက်နမ် နိုင်ငံသားများ

လျှောက်ထားနိုင်သည့် ကာလ
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်မှ မတ်လ ၃၁ ရက်အထိ

### လျှောက်လွှာကြေးနှင့် အခကြေးငွေများ
လျှောက်လွှာတင်ကြေး - ၁၀၀ ဘတ် | ·အလုပ်လုပ်ကိုင်ခွင့် (ပါမစ်) ကြေး - ၉၀၀ ဘတ်

**သက်တမ်းတိုး လျှောက်ထားသူများသည် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများကို eworkpermit.doe.go.thဝက်ဘ်ဆိုက်မှတစ်ဆင့် အွန်လိုင်းဖြင့် တင်သွင်းရမည်ဖြစ်ပြီး၊ လျှောက်လွှာကြေးနှင့် ဝေါ့ပါမစ်ကြေးတို့ကို သတ်မှတ်ထားသည့် ကာလအတွင်း အပြီးသတ် ပေးသွင်းရမည် ဖြစ်ပါသည်။**

သတင်းအရင်းအမြစ်။ ။ အလုပ်သမားဝန်ကြီးဌာန

# အလုပ်လုပ်ကိုင်ခွင့် (ပါမစ်) သက်တမ်းတိုး လျှောက်ထားခြင်းအတွက် လိုအပ်သော အထောက်အထားများနှင့် လုပ်ငန်းစဉ်များ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ

## 01 နိုင်ငံကူးလက်မှတ် မိတ္တူ (လာအို၊ မြန်မာ နှင့် ဗီယက်နမ် နိုင်ငံသားများ)

နိုင်ငံကူးလက်မှတ် မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ်အစား အသုံးပြုနိုင်သော စာရွက်စာတမ်း မိတ္တူ (ရှိလျှင်) အသုံးပြုနိုင်သည်။

## 02 အလုပ်လုပ်ကိုင်ခွင့် (ပါမစ်) မိတ္တူ

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် နှင့် မတ်လ ၃၁ ရက် အထိ သက်တမ်းရှိသူများ အတွက်)

## 03 အလုပ်သမား၏ ဓာတ်ပုံ

(၃ x ၄) စင်တီမီတာ အရွယ်အစားရှိ ဓာတ်ပုံ

## 04 ဆေးစစ်ချက်လက်မှတ်

အစိုးရဆေးရုံများ၊ အစိုးရကျန်းမာရေးဌာနများ သို့မဟုတ် အလုပ်အကိုင်ဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် (အချက်အလက်များ အလိုအလျောက် ချိတ်ဆက်ထားသော) ပုဂ္ဂလိက ကျန်းမာရေးဌာနများမှ ထုတ်ပေးသည့် သတ်မှတ်ထားသော ရောဂါ (၆) မျိုး ကင်းရှင်းကြောင်း ဆေးစစ်ချက် ထောက်ခံချက် ဖြစ်ရပါမည်။

## 05 ကျန်းမာရေးအာမခံ

အာမခံကုမ္ပဏီ (သို့မဟုတ်) ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြု ကြေညာထားသည့် ဆေးရုံ / ဆေးခန်း များမှ ဝယ်ယူထားသည့် ကျန်းမာရေး အာမခံ ဖြစ်ရမည်။

## 06 လူမှုဖူလုံရေး အာမခံထားသူအဖြစ် မှတ်ပုံတင်ထားသည့် အထောက်အထား

လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သည့် လုပ်ငန်းအမျိုးအစားများတွင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများအတွက်သာ ဖြစ်သည်။

သတင်းအရင်းအမြစ်။ ။ အလုပ်သမားဝန်ကြီးဌာန

# အလုပ်ရှင်ဘက်မှ ပူးတွဲတင်ပြရန်လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ

## ရိုးရိုးသူဌေး

01 မှတ်ပုံတင်မိတ္တူ

02 **အလုပ်ရှင်သည်နိုင်ငံခြားသားဖြစ်ပါက(ရိုးရိုးသူဌေး)**
နိုင်ငံကူးလက်မှတ်အစား အသုံးပြုနိုင်သည့် တရားဝင် ခရီးသွားလာခွင့် အထောက်အထားမိတ္တူ

03 **လုပ်ငန်းပိုင်ဆိုင်မှုကို ဥပဒေအရ အထောက်အထားပြရန်အတွက်သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပေးထားသော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်(သို့မဟုတ်) အတည်ပြုချက် မိတ္တူ**
(ဥပမာ - အိမ်ထောင်စုစာရင်းမိတ္တူ၊ အိမ်ငှားစာချုပ်မိတ္တူ၊ မြေယာပိုင်ဆိုင်မှု အထောက်အထားစာချုပ်မိတ္တူ စသည်တို့ရှိပါက တင်ပြရန်)

04 အလုပ်ခန့်ထားမှု အတည်ပြုလွှာ ( ဘောတော ၄၆)

## ကုမ္ပဏီသူဌေး

01 ကုမ္ပဏီ/လုပ်ငန်းအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်မိတ္တူ

02 **လုပ်ငန်းပိုင်ဆိုင်မှုကို ဥပဒေအရ အထောက်အထားပြရန် အတွက်သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပေးထားသော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်(သို့မဟုတ်) အတည်ပြုချက်မိတ္တူ**
(ဥပမာ - အိမ်ထောင်စုစာရင်းမိတ္တူ၊ အိမ်ငှားစာချုပ်မိတ္တူ၊ မြေယာပိုင်ဆိုင်မှု အထောက်အထားစာချုပ်မိတ္တူ စသည်တို့ရှိပါက တင်ပြရန်)

03 အလုပ်ခန့်ထားမှု အတည်ပြုလွှာ ( ဘောတော ၄၆)

သတင်းအရင်းအမြစ်။ ။ အလုပ်သမားဝန်ကြီးဌာန

# ကိုယ်စားလှယ် (သို့မဟုတ်) တရားဝင်အကျိုးဆောင်အေဂျင်စီမှတစ်ဆင့် ဆောင်ရွက်ရာတွင် တင်ပြရန်လိုအပ်သော အထောက်အထားများ

**01**

ကိုယ်စားလှယ်လွှဲအပ်သည့် အလုပ်ရှင်၏ အထောက်အထား စာရွက်စာတမ်းများ

**02**

တရားဝင် အသိအမှတ်ပြု တံဆိပ်ခေါင်း ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲအပ်လွှာ

**03**

ကိုယ်စားလှယ်လွှဲအပ်သူ၏ မှတ်ပုံတင်မိတ္တူ

**04**

အလုပ်ရှင်ကိုယ်စား ဆောင်ရွက်မည့် ကိုယ်စားလှယ် (သို့မဟုတ်) အကျိုးဆောင်တာဝန်ခံ၏ မှတ်ပုံတင်မိတ္တူ

သတင်းအရင်းအမြစ်။ ။ အလုပ်သမားဝန်ကြီးဌာန

# ဖောင်ဒေးရှင်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း အလုပ်ရှင်အတွက် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

## အဖွဲ့အစည်း တည်ထောင်မှု ဆိုင်ရာ အတည်ပြု ချက်လက်မှတ်

ဖောင်ဒေးရှင်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း တည်ထောင်မှုဆိုင်ရာ မှတ်ပုံတင်မိတ္တူနှင့်အတူ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မတီဝင်များ ခန့်အပ်မှု အထောက်အထားများ

01

## သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပေးထားသော ထောက်ခံချက်စာ

(နိုင်ငံခြား ပုဂ္ဂလိကအဖွဲ့အစည်း ဖြစ်ပါက)

02

## လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူအား အတည်ပြုသည့် အထောက်အထား

လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူ၏ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ရန် မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) အစိုးရဌာနတစ်ခုခုမှ ထုတ်ပေးထားသော အခြားတရားဝင် အထောက်အထားမိတ္တူ

03

သတင်းအရင်းအမြစ်။ ။ အလုပ်သမားဝန်ကြီးဌာန